ကုရ်အာန်ကျွမ်းကျင်သူအား ပြောမည်မှာ- ဖတ်ပါ၊ တက်ပါ၊အသင်လောက၌ ရှိစဥ်အခါက သရ်သီလ်နှင့်ဖတ်ခဲ့သည့်အတိုင်းသရ်သီလ်နှင့်ဖတ်ပါ။အသင်၏ အဆင့်အတန်းသည် သင်နောက်ဆုံးဖတ်ရွတ်လိုက်သည့် အာယသ်တော်နှင့်အညီ ရှိနေမည်ဖြစ်သည်။

အဗ်ဒုလ္လာဟ်ဗင်အမ်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ ကုရ်အာန်ကျွမ်းကျင်သူအား ပြောမည်မှာ- ဖတ်ပါ၊ တက်ပါ၊
အသင်လောက၌ ရှိစဥ်အခါက သရ်သီလ်နှင့်ဖတ်ခဲ့သည့်အတိုင်း သရ်သီလ်နှင့်ဖတ်ပါ။အသင်၏
အဆင့်အတန်းသည် သင်နောက်ဆုံး ဖတ်ရွတ်လိုက်သည့် အာယသ်တော်နှင့်အညီ
ရှိနေမည်ဖြစ်သည်။
[حسن] [رواه أبو داود والترمذي والنسائي في الكبرى وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်သူ၊ ကျမ်းလာအတိုင်း အမလ်ကျင့်ဆောင်သူ၊ကုရ်အာန်ကျမ်းမြတ်ကို အမြဲတ‌စေဖတ်ရွတ်ပြီး အာဂုံဆောင်သူသည်ဂျန္နသ်သို့ဝင်ရောက်သည့်အခါ ဤသို့ပြောကြားခြင်းခံရမည်ဖြစ်သည်။အသင်ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ပါ၊ ဂျန္နသ်၏အဆင့်များသို့တက်ပါ အသင်လောက၌ ရှိစဥ်အခါကဖြည်းညင်းတည်ငြိမ်စွာဖြင့် ဌာန်ကရိုဏ်းကျစွာဖတ်ခဲ့သည့်အတိုင်း သရ်သီလ်နှင့်ဖတ်ပါ။အသင်၏ အဆင့်အတန်းသည် တစ်အာယသ်ပြီးတိုင်း အဆင့်တစ်ဆင့်တက်သွားပြီး သင်နောက်ဆုံးဖတ်ရွတ်လိုက်သည့်အာယသ်တော်နှင့်အညီအဆင့်အတန်းရရှိမည်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/65054